## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံး ပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာအောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် အသက် ၁၄ နှစ်မှ ၃၅ နှစ်အတွင်း (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Hard Copy ၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၁၊ နေပြည်တော်သို့ ၁၀-၉-၂၀၂၃ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့် ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် theinlwinfsa@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဝန်ကြီးဌာန၏ Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဒေါက်တာသိန်းလွင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ၀၉ ၅၁၁၀၆၇၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ ၀၉ ၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | JPG ၊ A3 (297 x 420 mm) with correct aspect ratio |
| (၂) | Resolution | 300 dpi ၊ |
| (၃) | File Size | 15 Mb ထက်မပိုစေရ။ |

(ဂ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၁၀-၉-၂၀၂၃ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့် ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် ms.khinmoeou@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဝန်ကြီးဌာန၏ Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ ၀၉-၅၁၀၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | Format | mpeg 4၊ |
| (၂) | Resolution | 1920 x 1080 p ထက်မပိုစေရ၊ |
| (၃) | File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) | Sound | 16-bit, stereo၊ |
| (၅) | Duration | 120 Seconds ထက်မပိုစေရ။ |

(ဃ) စာစီစာကုံးပြိုင်ပွဲနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြီး စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဝန်ကြီးဌာန၏ Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဒေါက်တာဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ၀၉-၂၅၀၉၂၅၆၇ နှင့် ဒေါ်အေးမြတ်မွန်၊ ညွှန်ကြားရေးမှူး၊ ၀၉-၄၃၀၁၀၉၂၀၈ တို့သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်-

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ဖော်ပြထားသော ရှင်းလင်းချက်စာသား (ပိုစတာပြိုင်ပွဲဝင် လက်ရာအတွက်) နှင့် စာတန်းထိုး (ဗီဒီယိုပြိုင်ပွဲဝင် လက်ရာအတွက်) နှင့်အတူ ပြိုင်ပွဲဝင်သူ၏ အမည်၊ အသက် (အဖွဲ့လိုက် ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့အမည်ကို ဖော်ပြရမည်) ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးတို့ အနက်မှ ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးတို့ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် "အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား" တွင် ဆုချီးမြှင့်ပေးမည် ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါ အချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သော စာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုများနှင့် စာကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲတွင်**

**ဝင်ရောက်ယှဉ်ပြိုင်သူများ၏ ဝင်ခွင့်လျှောက်လွှာ/ဝန်ခံကတိပြုလွှာ**

၁။ အမည် ------------------------------------------------

၂။ ကျား/မ ------------------------------------------------

၃။ မွေးသက္ကရာဇ်(ရက်၊ လ၊ ခုနှစ်) ------------------------------------------------

၄။ အသက် ------------------------------------------------

၅။ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်/ ------------------------------------------------

သက်သေခံလက်မှတ် ------------------------------------------------

၆။ လူမျိုး/ဘာသာ ------------------------------------------------

၇။ ပညာအရည်အချင်း ------------------------------------------------

၈။ လက်ရှိအလုပ်အကိုင် ------------------------------------------------

၉။ အဖအမည် ------------------------------------------------

၁၀။ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ------------------------------------------------

၁၁။ အမိအမည် ------------------------------------------------

၁၂။ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ------------------------------------------------

၁၃။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ ------------------------------------------------

------------------------------------------------

------------------------------------------------

၁၄။ ဆက်သွယ်ရမည့်ဖုန်းနံပါတ် ------------------------------------------------

၁၅။ e-mail ------------------------------------------------

------------------------------------------------

၁၆။ ယှဉ်ပြိုင်မှုပုံစံ ------------------------------------------------

(တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)

၁၇။ ပြိုင်ပွဲဝင်အမျိုးအစား ------------------------------------------------

(ပိုစတာ သို့မဟုတ် ဗီဒီယို သို့မဟုတ် စာစီစာကုံး)

၁၈။ မိမိသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တစ်ဖက်ဖော်ပြပါအချက်များကို သိရှိပါကြောင်းနှင့် သဘောတူ လက်ခံပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်-

(က) ပြိုင်ပွဲဝင်များသည် မိမိ၏ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ဗီဒီယို သို့မဟုတ် စာစီစာကုံးကို တင်သွင်းသည့်အခါ မူပိုင်ခွင့်ကို ပိုင်ဆိုင်ကြောင်းနှင့် အခြားသူများ၏ ဉာဏ အခွင့်အရေးကို ချိုးဖောက်မှု မရှိကြောင်း၊

(ခ) အခြားသူများ၏ မူပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မူပိုင်ခွင့်ဥပဒေဖြင့် အရေးယူခံရမည် ဖြစ်ကြောင်း၊

(ဂ) မိမိအနေဖြင့် အခြားသူများ၏ မူပိုင်ခွင့်များကို ချိုးဖောက်၍ ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ဗီဒီယိုများတွင် ထည့်သွင်းအသုံးပြုခြင်းကြောင့် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ပြိုင်ပွဲ စီစဉ်ကျင်းပသည့် အဖွဲ့အစည်းများနှင့် စိစစ်ရွေးချယ်ရေး ကော်မတီတို့နှင့် သက်ဆိုင်မှုမရှိကြောင်း၊

(ဃ) မိမိ၏ပြိုင်ပွဲဝင် ပိုစတာ သို့မဟုတ် ဗီဒီယို သို့မဟုတ် စာစီစာကုံးကို လိုအပ်ပါက တည်းဖြတ်ခြင်း၊ မှတ်ချက်များ၊ ရှင်းလင်းချက်များ ထည့်သွင်းခြင်းနှင့် မူရင်းတင်ပြသူ ပိုင်ရှင်အမည်ကို ဖော်ပြခြင်းမပြုဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အတွက် ပြိုင်ပွဲစီစဉ်ကျင်းပသည့် အဖွဲ့အစည်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့မှ အသုံးပြုခြင်းကို ခွင့်ပြုကြောင်း၊

(င) ပြိုင်ပွဲ ဦးဆောင်ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ပြိုင်ပွဲသို့ တင်သွင်းသည့်ပိုစတာ သို့မဟုတ် ဗီဒီယို သို့မဟုတ် စာစီစာကုံးများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး ၏ ဝက်ဘ်ဆိုဒ်နှင့် အင်တာနက် စာမျက်နှာများတွင် ဖော်ပြခြင်း၊ ပြပွဲများ၊ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်း ဖတ်ကြားဆွေးနွေးပွဲများ စသည်တို့တွင် အသုံးပြုခြင်းနှင့် မည်သည့်အတွက်ကြောင့် အသုံးပြုခြင်း ဖြစ်သည်ကို ကာယကံရှင်အား အကြောင်းကြားမည် မဟုတ်သည်ကို သိရှိပါကြောင်း။

| | |
|---|---|
| လက်မှတ် | ---------------------------------- |
| အမည် | ---------------------------------- |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ | ---------------------------------- |
| သက်သေခံလက်မှတ် | ---------------------------------- |
| ရက်စွဲ | ---------------------------------- |